ISO 9001:2015 CERTIFIED

# မြန်မာနိုင်ငံလုပ်သားများ ကျွမ်းကျင်မှု “စံ” သတ်မှတ်ပြဋ္ဌာန်းရေးအဖွဲ့၏ အသိအမှတ်ပြု သင်တန်းကျောင်း လျှောက်ထားရန် လိုအပ်သည့်အချက်များ

၁။ သင်ကြားမည့်ဘာသာရပ်များအတွက် ကျွမ်းကျင်မှု “စံ” အခြေပြုရေးဆွဲထားသော အလုပ်အကိုင်အမျိုးအစားအလိုက် သင်ရိုးညွှန်းတမ်းနှင့် လေ့ကျင့်ရေး “စံ”

၂။ သင်တန်းကျောင်းတည်နေရာမြေပုံ၊ အဆောက်အဦနှင့် သင်တန်းကျောင်း၏ အဆောက်အဦ ဖွဲ့စည်းထားရှိပုံ (သင်တန်းကျောင်း Layout)

၃။ သင်တန်းဆရာ၊ သင်တန်းနည်းပြများ၏ အမည်၊ အရည်အချင်း၊ ဘွဲ့လက်မှတ်များ၊ ကျွမ်းကျင်မှု အသိအမှတ်ပြုလက်မှတ်များ၊ နိုင်ငံသားစိစစ်ရေးကတ်ပြား (နိုင်ငံခြားသားနည်းပြများဖြစ်ပါက Passport) အစရှိသည့် ကိုယ်ရေးရာဇဝင် အချက်အလက်များ

၄။ သင်တန်းတခုချင်းစီအလိုက် သင်တန်းတက်ရောက်မည့်သူများအတွက် သတ်မှတ်ထားသော အရည်အချင်း

၅။ သင်တန်းအမျိုးအစားအလိုက် လေ့ကျင့်သင်ကြားရေးနည်းပြများအတွက် သတ်မှတ်ထားသော အရည်အချင်း

၆။ အလုပ်အကိုင်ဆိုင်ရာ ကျွမ်းကျင်မှု “စံ” အရ သင်တန်းအမျိုးအမည်များနှင့် သင်တန်းကာလ

၇။ သင်တန်းအမျိုးအစားတခုချင်းအလိုက် ကောက်ခံသွားမည့်သင်တန်းကြေး

၈။ သင်တန်းတခုချင်းစီအလိုက် သင်တန်းတွင် အသုံးပြုရမည့်လေ့ကျင့်သင်ကြားရေးစနစ်နှင့် သင်ထောက်ကူပစ္စည်းများ

၉။ သင်ကြားမည့်အလုပ်အကိုင်များအတွက် သင်ထောက်ကူပစ္စည်းများ၏ စံချိန်စံညွှန်းများ၊ စာတွေ့/ လက်တွေ့ သင်ကြားမည့်နေရာ၊ လျှပ်စစ်မီးသုံးစွဲနိုင်မှုအခြေအနေ

၁၀။ သင်ကြားပို့ချမည့်ဘာသာရပ်နှင့်ပတ်သက်၍ သတ်မှတ်ထားသော ရာခိုင်နှုန်းများ (လက်တွေ့ သင်ကြားခြင်း၊ စာတွေ့သင်ကြားခြင်း) နှင့် စစ်ဆေးအကဲဖြတ်ခြင်းဆိုင်ရာ နည်းလမ်းများ

၁၁။ သင်တန်းပြီးဆုံးပါက သင်တန်းသားများကို ပေးအပ်မည့်သင်တန်းဆင်းလက်မှတ် (နမူနာ)

၁၂။ ပြည်တွင်း/ ပြည်ပသင်တန်းကျောင်းများနှင့် ပူးပေါင်းဆောင်ရွက်ထားရှိမှု အခြေအနေ (ရှိခဲ့ပါက သင်တန်းကျောင်းအမည်နှင့် သင်ကြားသည့် ဘာသာရပ်များ)

၁၃။ သင်တန်းကျောင်းရှိ သင်တန်းနည်းပြများအပါအဝင် သင်တန်းကျောင်းဝန်ထမ်းဖွဲ့စည်းပုံ

၁၄။ သင်တန်းကျောင်း တည်ထောင်ဖွင့်လှစ်လိုသော အလုပ်ရှင် သို့မဟုတ် ဝန်ဆောင်မှုပေးလိုသူနှင့် Board of Director အဖွဲ့ဝင်များ၏ ကိုယ်ရေးရာဇဝင် အချက်အလက်များ

၁၅။ သင်တန်းကျောင်း တည်ထောင်ဖွင့်လှစ်လိုသော အလုပ်ရှင် သို့မဟုတ် ဝန်ဆောင်မှု ပေးလိုသူသည် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနမှ ထုတ်ပေးသည့် လုပ်ငန်းလုပ်ကိုင်ခွင့်လိုင်စင်မိတ္တူ

၁၆။ ဖွင့်လှစ်မည့် သင်တန်းကျောင်းအဆောက်အဦသည် ကိုယ်ပိုင် ဟုတ်/ မဟုတ် အထောက်အထား

၁၇။ သင်တန်းကျောင်း၏ သင်တန်းအမျိုးအစားအလိုက် ဖွင့်လှစ်ပို့ချမည့် နှစ်စဉ်စီမံချက်

၁၈။ သင်တန်းကျောင်း၏ လေ့ကျင့်သင်ကြားရေးနည်းပြများအတွက် သင်ကြားပို့ချရေးဆိုင်ရာ နည်းစနစ်များ မြှင့်တင်နိုင်မည့်အခြေနေ

၁၉။ သင်တန်းကျောင်း၏ တည်နေရာအား Google Map တွင် ဖော်ပြနိုင်ရေး Latitude နှင့် Longitude ပါရှိသည့် မြေပုံ။